ကာကွယ်ဆေး အချက်အလက် ကြေညာချက်

# ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး (PPSV23)- သင်သိထားရမည့် အကြောင်းအရာများ

Many vaccine information statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက် ကြေညာချက်များကို ဗမာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး** (PPSV23) သည် **နျူမိုကောကပ်စ်** ရောဂါများမဖြစ်အောင် ကာကွယ်ပေးသည်။

**နျူမိုကောကပ်စ်ရောဂါ** ဆိုသည်မှာ နျူမိုကောကပ်စ် ဗက်တီးရီးယား ကြောင့် ဖြစ်ပေါ်သော ဖျားနာမကျန်းဖြစ်မှု မှန်သမျှကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤဗက်တီးရီးယားများသည် အောက်ဖော်ပြပါ အပါအဝင် ရောဂါအမျိုးအစား များစွာကို ဖြစ်စေနိုင်သည်-

- နမိုးနီးယား (အဆုတ်ရောဂါ ပိုးကူးစက်မှု)
- နားရောဂါပိုးကူးစက်မှုများ
- နာခေါင်းလမ်းကြောင်း ရောဂါပိုးကူးစက်မှုများ
- ဦးနှောက်အမြှေးရောင်ရောဂါ (ဦးနှောက်နှင့် ကျောရိုးအာရုံကြောမအပေါ် လွှမ်းခြုံထားသည့် တစ်ရှူးများ ရောဂါပိုးကူးစက်ခံရမှု)
- သွေးထဲ၌ ဗက်တီးရီးယားပိုးများ ရှိနေခြင်း (သွေးလမ်းကြောင်း ရောဂါပိုးကူးစက်မှု)

မည်သူမဆို အဆုတ်ရောင်ရောဂါ ခံစားရနိုင်သော်လည်း ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အချို့အန္တရာယ်ချက်များရှိသော လူများတွင် ရောဂါဖြစ်နိုင်ခြေ အများဆုံးဖြစ်သည်။

နျူမိုကောကပ်စ် ဗက်တီးရီးယား ရောဂါပိုးကူးစက်မှု အများစုသည် အပျော့စားကူးစက်မှုသာဖြစ်သည်။ သို့သော်လည်း အချို့ကူးစက်မှုများမှာမူ ဦးနှောက်ပျက်စီးထိခိုက်မှု သို့မဟုတ် အကြားအာရုံဆုံးရှုံးမှု ကဲ့သို့သော ရေရှည်ပြဿနာများအား ဖြစ်စေနိုင်သည်။ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဗက်တီးရီးယား ပိုးမွှားများနှင့် အဆုတ်ရောင်ရောဂါကြောင့် ဖြစ်ပွားသော နမိုးနီယားသည် အသက်သေစေနိုင်လောက်သော ရောဂါများဖြစ်သည်။

## 2. PPSV23

PPSV23 သည် အဆုတ်ရောင်ရောဂါဖြစ်စေသော ဗက်တီးရီးယား အမျိုးအစားပေါင်း 23 မျိုးမှ ကာကွယ်ပေးသည်။

PPSV23 ကို အချို့သော ကျန်းမာရေး အခြေအနေရှိသည့် သို့မဟုတ် အန္တရာယ်ချက်များရှိသည့် ကလေးများနှင့် ဆယ်ကျော်သက်များအတွက် ရွေးချယ်မှုတစ်ခုအဖြစ် အကြံပြုထားသည်။

အရွယ်ရောက်ပြီးသူများအတွက် 15-မျိုး ပေါင်းစပ် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး (PCV15) ထိုးပြီးနောက် PPSV23 ကို ထိုးရန် အကြံပြုပါသည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူက သင့်ထံ အသေးစိတ် အချက်အလက်များ ပေးအပ်နိုင်ပါသည်။

## 3. သင့်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးတိုင်ပင်ခြင်း

ကာကွယ်ဆေး အထိုးခံမည့်လူသည် အောက်ပါတို့ဖြစ်ခဲ့ဖူးပါက သင်၏ ကာကွယ်ဆေးထိုးနှံပေးသူကို ပြောပြပါ-

- ယခင်တစ်ခါ **PPSV23** ဆေးထိုးပြီးနောက် ဓာတ်မတည့်သည့် တုန့်ပြန်မှု ဖြစ်ခဲ့ဖူးခြင်း သို့မဟုတ် ပြင်းထန်သော အသက်အန္တရာယ် ချိန်းခြောက်သည်အထိ ဓာတ်မတည့်မှုတစ်စုံတစ်ရာ ဖြစ်ခဲ့ဖူးခြင်း ရှိခဲ့လျှင်။။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် PPSV23 ကာကွယ်ဆေး ရယူမှုကို အခြားတစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

အအေးမိခြင်းကဲ့သို့ အသေးစား နာမကျန်းဖြစ်နေသူများကို ကာကွယ်ဆေး ထိုးနှံနိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် PPSV23 ကာကွယ်ဆေး မထိုးမီ ၎င်းတို့ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူက သင့်ထံ အသေးစိတ် အချက်အလက်များ ပေးအပ်နိုင်ပါသည်။

U.S. CENTERS FOR DISEASE CONTROL AND PREVENTION

## 4. ကာကွယ်ဆေးကြောင့် တုံ့ပြန်မှု ဖြစ်နိုင်ခြေများ

- ကာကွယ်ဆေးထိုးထားသည့် နေရာတွင် နီမြန်းခြင်း၊ ရောင်ရမ်းခြင်း၊ နာကျင်ခြင်း သို့မဟုတ် ထိမိလျှင် နာကျင်ခြင်းတို့ ဖြစ်နိုင်သည်၊ PPSV23 ထိုးနှံပြီးနောက်ပိုင်း ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဖျားခြင်း၊ ချမ်းတုန်ခြင်း သို့မဟုတ် ကြွက်သား နာကျင်ကိုက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း၊ အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နားအူခြင်းဖြစ်ပါက သင့်ဆရာဝန်အား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဓာတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းအတွက် အလွန့်အလွန်နည်းပါးသော ဖြစ်နိုင်ခြေရှိသည်။

## 5. ပြင်းထန်သော ပြဿနာတစ်ခု ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးနှံထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်သော တုံ့ပြန်မှု ဖြစ်ပွားနိုင်ပါသည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုံ့ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း သို့မဟုတ် အားနည်းခြင်း) တို့ကို တွေ့ရှိရပါက **9-1-1** သို့ ခေါ်ဆိုပြီး ၎င်းပုဂ္ဂိုလ်အား အနီးဆုံးဆေးရုံသို့ ပို့ပါ။

သင်စိတ်ပူသော အခြားလက္ခဏာများအတွက် သင့်ကျန်းမာရေး စောင့်ရှောက်ပေးသူထံ ဖုန်းခေါ်ပါ။

ဆိုးရွားသော ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System (VAERS၊ ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် သတင်းပို့ရန် စနစ်) သို့ တင်ပြသင့်သည်။ သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပါသည်။ VAERS ဝဘ်ဆိုက် **www.vaers.hhs.gov** သို့ ဝင်ကြည့်ပါ သို့မဟုတ် **1-800-822-7967** ကို ခေါ်ဆိုပါ။ *VAERS သည် တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာဖြစ်ပြီး၊ VAERS ဝန်ထမ်းများသည် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်များ မပေးပါ။*

## 6. ဘယ်လိုမျိုး နောက်ထပ် လေ့လာနိုင်သလဲ။

- သင့်ကျန်းမာရေး စောင့်ရှောက်ပေးသူထံ မေးမြန်းပါ။
- သင်၏ ဒေသန္တရ သို့မဟုတ် ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- ကာကွယ်ဆေး ပက်ကေ့ချ် ထိုးနှံမှုအတွက် Food and Drug Administration (FDA၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာန) ဝက်ဘ်ဆိုက်သို့ သွားရောက်ပြီး နောက်ထပ်အချက်အလက်ကို **www.fda.gov/vaccines-blood-biologics/vaccines** တွင် လေ့လာပါ။
- Centers for Disease Control and Prevention (CDC၊ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်း **1-800-232-4636** (**1-800-CDC-INFO**) သို့ ခေါ်ဆိုပါ သို့မဟုတ်
  - CDC ၏ ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုပါ- **www.cdc.gov/vaccines**

Burmese translation provided by Immunize.org